ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း
ညောင်ကိုင်းကျေးရွာ
မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း
# (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ညောင်ကိုင်းကျေးရွာ၊ မင်းဘူးမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

ညောင်ကိုင်းကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄ – ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ကိုင်းကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


မာတိကာ ၁

စကားချီး ၅

ညောင်ကိုင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၁၈

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**
၇၀

**ကိုးကားစာရင်း** ၇၅

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအားအထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ညောင်ကိုင်းကျေးရွာ

မင်းဘူးမြို့နယ်

## ညောင်ကိုင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (၁) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာသည် မင်းဘူး-စကုကားလမ်းပေါ်တွင်တည်ရှိပြီး မင်းဘူး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် (၉)မိုင်ခန့်၊စကုမြို့အုပ်ချုပ်ရေးမှူးရုံးနှင့် (၂)မိုင်ခန့်ကွာဝေးပြီး ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကျေးရွာသည်မန်းချောင်း၏ တောင်ဘက်တွင်ကပ်လျက် တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းကြပါသည်။ဒေသ၏မြေပြင် အနေအထားမှာ မြေပြန့်ဖြစ်ပြီး လယ်ယာမြေများတွင် စပါးနှင့်ကုလားပဲ သီးနှံများ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းမှုကို အဓိကအားထားနေရပါသည်။

### (ခ)သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ ကျေးရွာမှသဘာဝသယံဇာတ မထွက်ရှိပါ။မြေအောက်ရေဖြင့် စိုက်ပျိုးမှုနည်းပါးပြီး အိုင်းမဆည်ရေကိုသာ အသုံးပြုစိုက်ပျိုးမှုများ သည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၈၄၀)ဧကရှိပြီး စပါးနှင့်ကုလားပဲသီးနှံကို အဓိကထား စိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၄၉)စုနှင့် ကျား(၂၈၄)ဦး၊ မ(၂၉၇)ဦး လူဦးရေပေါင်း (၅၈၁)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၇၀.၇%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း

တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေ အနေအထား မှာ သီးနှံရိတ်သိမ်းချိန်တွင်သာ ဝင်ငွေရရှိပြီး ကျန်အချိန်များမှာ ဝင်ငွေရရှိမှု မရှိပါ။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၂၀.၈%) သည်ဆင်းရဲနှင့် (၆၇.၇%) အလွန် ဆင်းရဲသောအိမ်ထောင်စုအဆင့်ဟု သတ်မှတ်ကြပြီး (၅.၃%) သည်ချမ်းသာသောအဆင့်နှင့် (၆.၆%)သည် အလယ်အလတ်အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင်လယ်မြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ဆန်စက်စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင် လုပ်ကိုင်ခြင်းနှင့် အုတ်လုပ်ငန်းများ တွင်လည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။ အိမ်ထောင်စုအချို့မှာ အစိုးရဝန်ထမ်းဖြစ်ပြီး ငွေရေး ကြေးရေး အသင့်အတင့်အဆင်ပြေကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆန်စက်နှင်းအုတ်လုပ်ငန်း များတွင် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၄၂.၂%) ဖြစ်သော(၆၃)စုကို လေ့လာဆန်းစစ်ချက်အရ ယင်းတို့၏(၂၈.၁%)မှာ သူတစ်ပါးထံမှ မချေးငှားဘဲ (၃)လခန့် စားသုံးနိုင်ကြောင်းတွေ့ရှိရသည်။

အိမ်ထောင်စုအားလုံး၏ (၂၀%)ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ် သော်လည်း မိသားစုဦးရေမှာ အသင့်အတင့်သာရှိပြီး ဆင်းရဲသည်။အိမ်ထောင်ဦးစီးသည် ကျေးရွာ ပြင်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြပြီး ဆင်းရဲပြီးထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများသည် မသန်စွမ်းတစ်ဦးနှင့် မိသားစုစောင့်ရှောက်မှု နည်းသည့် သက်ကြီးရွယ်အိုတစ်ဦးတို့ဖြစ်သည်။ကျေးရွာပြင်ပသို့ သွားရောက်ပြီးအလုပ်လုပ်ကိုင်၍ ငွေရှာနေရသည့်လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါများ၊အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။အမျိုးသမီးများ၊ လူငယ်၊လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။သို့ရာတွင် ကျေးရွာရှိနေအိမ်များလူနေထူထပ်ခြင်းနှင့် ရေဆိုးရေအိုင်များရှိခြင်း၊ စနစ်ကျသောယင်လုံအိမ်သာ အမျိုးအစားအဟုတ်ဘဲရေလောင်းအိမ်သာအဆင့်သာ ရှိနေခြင်းသည် ကျန်းမာရေးအတွက် ကောင်းမွန်သောအနေအထားမဟုတ်ပေ။ကျေးရွာမှ(၉)မိုင်အကွာအဝေးတွင် ရှိသောမင်းဘူးမြို့နယ်ဆေးရုံ၊ဆေးဆိုင်များသို့လွယ်ကူစွာသွားလာနိုင်ပါသည်။

ကျေးရွာတွင်လက်နှိပ်တုံကင်များမှ မြေအောက်ရေကိုအလွယ်တကူရရှိနိုင်ကြသော်လည်း အိမ်သာနှင့်ရေတွင်းများနီးကပ်ခြင်းသည်ကျန်းမာရေးအတွက်မကောင်းပေ။ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း သိရှိရပါသည်။ရွာသားအများစုသည် အခြေခံအရေးအဖတ်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားပါသည်။ကျေးရွာတွင်အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊အလယ်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများနိမ့်ကျဆဲဖြစ်ပြီး လူငယ်၊လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ တန်းတူ အခွင့်အရေး ရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်းများတွင် မျှတမှု ပါဝင်မှုရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ဒုစရိုက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် ပိုများသည်။ အလယ်တန်း နှင့် အထက်တန်းတွင်လည်း မိန်းကလေးဦးရေသည် ယောကျ်ားလေးဦးရေထက်

ပိုများပါသည်။ ထို့ကြောင့် အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် ပျမ်းမျှအားဖြင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက် ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်း ပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုနည်းပါးသော်လည်း ပရဟိတလုပ်ငန်းများတွင် ဦးဆောင်ပါဝင်ကြသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၁)ဖွဲ့ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်း(၂)ဖွဲ့စီရှိကြပါသည်။ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ အဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့သည် လှုပ်ရှားမှုအသင့်အတင့် ကောင်းမွန် ပါသည်။နာရေးကူညီမှုအသင့်၏ လှုပ်ရှားမှုမှာအားကောင်းသည်။မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေး လုပ်ငန်းတို့သည်လည်းပတ်ဆောင်ရွက်လျှက်ရှိပါ သည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့စည်း ဆိုင်ရာ သဘောတရားနှင့်ပတ်သက်၍ အနည်းငယ်အားနည်းသည်။စွမ်းဆောင်ရည်ပိုမို မြှင့်တင် နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ကုလားပဲတို့ကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၃၃.၇၅)ရှိပြီး ဆောင်းသီးနှံ ကုလားပဲစိုက်ဧက(၁၃၀.၅)စိုက်ပျိုးကြသည်။ (၁)ဧကလျှင်မိုးစပါး ပျှမ်းမျှ အထွက်မှာ(၇၀)တင်း၊ကုလားပဲ(၁၄)တင်းထွက်ရှိပြီး ကြက်သွန်အထွက်မှာ (၁)ဧကလျှင် (၄၀၀၀) ပိဿာထွက်ရှိပြီး မိုးနှမ်းအထွက်နှုန်းမှာ (၆)တင်းထွက်ရှိသည်။အိုင်းမရေလှောင်တမံမှ ဆည်ရေကို အဓိကထားစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှလည်း နည်းပညာဝန်ဆောင်မှုရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း များကို ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူအများစု သည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာတို့ကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုပေးမှ အလုပ်သမားငှားရန်ရနိုင်ကြ၍ ကုန်ကျစရိတ်မြင့်မားသည်။အချို့တောင်သူများမှာ အလုပ်သမားအခက်အခဲနှင့် ကုန်ကျစရိတ်သက်သာစေရန် စပါးကိုကြဲပက်စနစ်ဖြင့် စိုက်ပျိုး

ကြသည်။တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှုမညီမျှ၍ သီးနှံစိုက်ပျိုးခင်းများတွင် သီးနှံဖျက်ပိုးအခက်အခဲနှင့် ကြုံတွေ့ရတတ်ပါသည်။

ကျေးရွာတွင်ဝက်မွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာတစ်ရွာလုံး၏(၁၆.၃၉%)ဝန်းကျင် သာရှိပြီး ဒေသမှဝက်မျိုးများကိုသာ မွေးမြူကြပြီး ဒေသကြက်မွေးသည့်အိမ်ထောင်စုမှာလည်း တစ်ရွာလုံး၏ (၃၈.၇၄%)ခန့်ရှိပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။မွေးမြူရေးလုပ်ငန်းပိုင်း ဆိုင်ရာ အဟာန့်အတားအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများမှ မွေးမြူရေးလုပ်ငန်းတိုးချဲ့ရန် ချေးငွေလိုအပ်မှုနှင့် ကြုံတွေ့နေရသည်။ရွာသားအချင်းချင်း ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားသည်။ကျေးရွာတွင်ငါးမွေးမြူရေး လုပ်ငန်းအနေဖြင့် ကျွမ်းကျင်မှုနည်းပါး၍ မွေးမြူသူ မရှိပါ။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ခေါင်းရွက်ဗျက်ထိုးနှင့် အစိုးရဝန်ထမ်းလုပ်ငန်း တို့လုပ်ကိုင်ကြသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်သာရှိသည်။လက်လုပ်လက်စားအလုပ်မှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းတို့ကြောင့် တွက်ခြေ ကိုက်မှုနည်းပါးသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေများပြား၍ ကျေးရွာ၏စီးပွားရေး ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသော်လည်း ကျေးရွာရှိလူငယ် များသည် အဆိုပါသင်တန်းများနှင့် ထိတွေ့မှုနည်းပါးကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေဆီသြဇာအခြေအနေမှာ စနစ်တကျမြေဆီ မထိန်းသိမ်းနိုင်ခြင်းကြောင့် အန္တရာယ်မြင့်မားသည်။ဖျက်ပိုးနှင့်ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင်လည်း နည်းပညာအားနည်း လျက်ရှိပြီး စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျစွန့်ပစ်မှုမရှိကြချေ။သစ်တောပြုန်းတီးမှုကြောင့် မျိုးတိရိစ္ဆာန်များရှားပါးကြသည်။မိုးခေါင်ခြင်းနှင့် အချိန်အခါမဟုတ်မိုးရွာခြင်းများသည် သဘာဝ အန္တရာယ်တစ်ရပ်အဖြစ် အခါအားလျော်စွာရှိနေဆဲဖြစ်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၇၅)ပြားတိုးဖြင့် (၆)လ၊တစ်ကေလျှင် (၁၅၀၀၀ဝိ/-)ဖြင့် အများဆုံး(၁၀)ကေ သတ်မှတ်ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် သမဝါယမဦးစီးဌာနနှင့် ပတ်မြန်မာအဖွဲ့များမှလည်း အတိုးနှုန်း (၁.၅၀)ကျပ်ဖြင့် (၆)လ တစ်ကြိမ်ထုတ်ချေးပါသည်။ တချို့အိမ်ထောင်စုများမှာ ငွေတိုးချေးစားများထံမှ အတိုးကြီးပေး၍ လည်းကောင်း၊ မိတ်ဆွေ၊ ဆွေမျိုး များထံမှ နားလည်မှုကတိဖြင့် ချေးယူကြရပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် လိုအပ်ချက်များပြားကြောင်း တွေ့ရပါသည်။ကျေးရွာတွင်လေ့လာဆန်းစစ်မှုအရ ဆင်းရဲနှင့်အလွန် ဆင်းရဲအိမ်ထောင်စုများသည် တစ်အိမ်ထောင်လျှင်(၁)သိန်း(၅)သောင်းကျပ်မှ (၂၅)သိန်းကျပ်အထိ ချေးယူထားကြောင်းတွေ့ရှိရပါသည်။လယ်သမားများသည် သီးနှံအထွက်နှုန်းလျော့နည်းလျှင် အကြွေး ပေါ် အကြွေးဆင့်၍ အကြွေးသံသရာလည်နေကြသည့် အကြောင်းအရင်းမှာ သွင်းအားစုများကို အချိန်မီမပေးသွင်းနိုင်ခြင်းကြောင့်ဖြစ်သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အဆောင်(၁)တွင် မူလတန်း၊အဆောင်(၂)တွင် အလယ်တန်း၊အဆောင်(၃)တွင် မူလတန်း၊အလယ်တန်းသင်ကြားပေးပြီး သွပ်မိုး၊အုတ်နံရံကာနှင့် အုတ်ခင်းဖြစ်ပါသည်။ရွာသား အားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ၏ (၁၇.၇၂%)မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ကျေးရွာတွင်အစိုးရခန့် ဆရာ(၂)ဦး၊ဆရာမ(၉)ဦး၊ကျေးရွာခန့်(၂)ဦး စုစုပေါင်း (၁၃)ဦးရှိပါသည်။ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိပါ။စာသင်တွဲခုံများ လိုအပ်ပါသည်။

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။ရွာသူ၊ရွာသားများသည် ရွာမှ(၂)မိုင်ခန့်ဝေးသော စကုမြို့နယ်ဆေးရုံ၊(၉)မိုင်ခန့်ဝေးသော မင်းဘူးဆေးရုံသို့ ကျန်းမာရေးအတွက် သွားရောက်ကုသရ ပါသည်။ကျေးရွာတွင် ဆေးပေးခန်းရှိပါက ဘူးဆေးရုံသို့ ကျန်းမာရေးအတွက် သွားရောက်ကုသရ ပါသည်။ကျေးရွာတွင် ဆေးပေးခန်းရှိပါက ရွာသူ၊ရွာသားများ၏ ကျန်းမာရေး၊ပညာရေး၊စီးပွားရေး များ ပိုမိုဖွံ့ဖြိုးလာမည်ကို တွေ့ရှိရပါသည်။

သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ သုံးစွဲကြပြီး သောက်သုံးရေလုံလောက်မှုရှိပါသည်။ချမ်းသာသော အိမ်ထောင်စုများသည် အိမ်သာကျင်းကို

အုတ်ဖြင့်ဆောက်လုပ်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများသည် သွပ်မိုး၊ထရံကာယင်လုံအိမ်သာ သုံးစွဲကြသဖြင့် ရေနှင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါများနည်းပါးသည်ကို တွေ့ရှိရသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျွန်တော်တို့ ကျေးရွာတွင်လူငယ်များအတွက် အားကစားနှင့်အပန်းဖြေ အနားယူနိုင်မည့် နေရာမှာ သီးသန့်မရှိပေ။လူငယ်များသည် လူမှုရေး၊ဘာသာရေး၊ဖွံ့ဖြိုးရေးနှင့်ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးတို့တွင် ပါဝင်မှုအသင့်အတင့်ရှိကြပါသည်။အင်တာနက် အထိုက်အလျောက် သုံးစွဲကြပြီး ကျေးရွာစာကြည့်တိုက်မရှိပါ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် လုပ်ငန်းများမရှိသေးပေ။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျွန်တော်တို့ကျေးရွာ၏ ရွာတွင်းလမ်းနှင့်ကျေးရွာချင်းဆက်လမ်းကို ၂၀၁၄ ခုနှစ်တွင် ပေ(၁၂၀၀)အရှည်ရှိ မြေသားလမ်းကို ကျေးလက်ဦးစီးဌာနမှ ခင်းပေးခဲ့ပါသည်။ရေလမ်းခရီးအသုံး မပြုဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး(၇၇)စီး၊ မော်တော်ဆိုင်ကယ်(၁၁၁)စီး၊သုံးဘီးဆိုင်ကယ်၊ထော်လာဂျီ(၃)စီး၊ကား(၃)စီး၊နွားလှည်း(၂၅)စီး တို့ကိုအသုံးပြုလျက်ရှိသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို (၁၉၈၉)ခုနှစ်မှစ၍ ဆက်သွယ်ထားပြီး ကျေးရွာရှိအိမ်ထောင်စု အားလုံး၏ (၁၀၀%)ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီဖြစ်ပါသည်။ ကျေးရွာတွင်မိုဘိုင်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြု နိုင်သည်။ကျေးရွာတွင်အင်တာနက် အသုံးပြုနိုင်မှုများ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များတွင် ချိတ်ဆက်အသုံးပြုနိုင်သည်။ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး အရပ်ဖက်အဖွဲ့အစည်းများ မှ စာအုပ်များလှူဒါန်းသဖြင့် ကျေးရွာရှိလူငယ်များ စာဖတ်ကြသဖြင့် အသိပညာဗဟုသုတများ တိုးပွားလာသည်ကို တွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။စကုမြို့နှင့်နီး၍ ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦး များနှင့် လက်လှမ်းမီပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမီသော်လည်း အသိပညာ နည်းပါးခြင်းကြောင့် အားနည်းပါသည်။ လူကုန်ကူးမှုမှာလည်း မရှိသလောက် နည်းပါးသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသား၊ကျောင်းသူများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်း စသောလူနေမှုအဆင့်အတန်း မြင့်မားလာရေးကို အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက် မင်းဘူးခရိုင်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူရပါသည်။ကျေးရွာတွင်စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထား အတွက်သင့်တင့်သော အနေအထားတွင်သာ ရှိနေပေသည်။

သဘာဝအရင်းအမြစ်တွင် လယ်မြေများသည် မြေပြန့်ဖြစ်သည်။မြေဆီသြဇာအသင့်အတင့် ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင် နိုင်ကြသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေ၊ယာမြေများမှာ မြေဆီလွှာသည် အသင့်အတင့်ကောင်းမွန်သည်။ အခြားသယံဇာတလည်း မထွက် ရှိပါ။စိုက်ပျိုးမှု စောင့်ရှောက်မှုမရှိသော မြေများရှိသော်လည်း တောင်သူပိုင်၊ကျေးရွာပိုင်မဟုတ်သော မြေများဖြစ်နေသည်။

ရာသီအလိုက်စိုက်ပျိုးရေ အလုံအလောက် ရရှိသော်လည်း သွင်းအားစုများအချိန်မှီ မပေးသွင်းနိုင်ခြင်းနှင့် ရာသီအချိန်အလုပ်သမားရှားပါးမှုတို့မှာ စိုက်ပျိုးရေးတွင်သီးနှံအထွက်တိုး စေရန် အဟန့်အတားဖြစ်စေသည်။ရာသီဥတု၊မျိုးသီးနှံ၊နည်းပညာ အားနည်းမှုတို့ကြောင့် ဖျက်ပိုးနှင့် ရောဂါများ ကျရောက်လျှက်ရှိသည်။ ဈေးကွက်လက်လှမ်းမှီမှုရှိသော်လည်း ဈေးနှုန်းတည်ငြိမ်မှု မရှိပေ။ကျေးရွာတွင်ငွေတိုးချေးစားသူများ ရှိသော်လည်း အတိုးနှုန်းမှာမြင့်မားပြီး ပုံမှန်မဟုတ်ပေ။ သမဝါယမနှင့် ပတ်မြန်မာကဲ့သို့ အဖွဲ့လိုက်ငွေစုငွေချေးလုပ်ငန်းများရှိသော်လည်း လုံလောက်မှု

မရှိချေ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် လုပ်ငန်းသုံးပစ္စည်းများနှင့် အရင်းအနှီးမလုံလောက်ခြင်းများ ကြုံတွေ့လျှက်ရှိပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များကို စနစ်ကျသော နည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရွာသူ၊ ရွာသားများ၏ ဝင်ငွေများ တိုးပွား၍ စီးပွားရေးအခြေအနေအထားများ တိုးတက်စေရမည်။

(က.၂) ကျွန်ုပ်တို့ ကျေးရွာတွင် ပညာရေး၊ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ပညာရေး၊ ကျန်းမာရေး တိုးတက်လာပြီး လူနေမှုအဆင့်မြင့်တက်လာစေရမည်။

(က.၃)ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်သည့် တစ်နိုင်တစ်ပိုင် မွေးမြူခြင်းမှစီးပွားဖြစ် တိုးချဲ့၍ စနစ်တကျမွေးမြူနိုင်ခြင်းဖြင့် ဝင်ငွေရှာဖွေနိုင်ခြင်းနှင့် စီးပွားရေးအနေအထား ပိုမိုတိုးတက်လာစေမည်။

(က.၄)ကျွန်ုပ်တို့ကျေးရွာတွင် အခြေခံအဆောက်အဦများဖြစ်သည့် ပညာရေးနှင့်ကျန်းမာရေး ကဏ္ဍများတွင် လိုအပ်သောအဆောက်အဦနှင့် ဝန်ဆောင်မှုများကို ရရှိလာခြင်းဖြင့် ကျွန်ုပ်တို့၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာစေမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့်နည်းပညာနှင့် လိုအပ်သော ငွေကြေးအရင်းအနှီးနှင့် အကူအညီများရရှိနိုင်ရန် သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ.၃) ကျေးရွာတွင် အ.လ.က(ခွဲ)မှ လခွဲအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ကလေးငယ်များ၏ ပညာရေးတိုးတက်မြင့်မားလာရေးအတွက် ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်သွားပါမည်။

## ၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် စိုက်ပျိုးရေးနည်းပညာများ ရရှိစေရေး

ကျေးရွာတွင် စပါးအပြင်ကုလားပဲကို တောင်သူတစ်ချို့က အဓိကအားဖြင့် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးများထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများရရှိသော်လည်း စိုက်ပျိုးရေးထုတ်ကုန်ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများပါသည်။မြေဆီလွှာညံ့ဖျင်းခြင်းနှင့် ရာသီဥတုမမှန်ကန်ခြင်းတို့ကြောင့် ယာမြေများမှာတောင်သူများအနေဖြင့် နှစ်စဉ်ပုံမှန်စိုက်ပျိုးနိုင်ခြင်းမရှိပေ။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

စိုက်ပျိုးရေးဘဏ်မှ မိုးစပါးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်း၊ ကျေးရွာတွင် သမဝါယမအသင်းအဖွဲ့များ ထားရှိသော်လည်း သီးနှံအထွက်နှုန်း လျော့နည်းခြင်းနှင့် ရာသီဥတုကြောင့် သီးနှံပျက်စီးသောအခါများတွင် အကြွေးမကျေခြင်းများ ဖြစ်ကြရသည်။ တောင်သူများအား ကာလရှည်ကြာ ချေးငွေအစီအစဉ်များ ဆောင်ရွက်သင့်သည်။တောင်သူများ အမှန်တကယ်လိုအပ်ချိန်တွင် သွင်းအားစုများ အချိန်နှင့်တပြေးညီ သွင်းနိုင်ရန် ကျေးရွာအတွင်း စနစ်ကျသော ငွေကြေးဝန်ဆောင်မှု ဖော်ထုတ်ပေးနိုင်ရန် စီမံပေးသင့်သည်။

**(ဃ) ကျေးလက်အသေးစားလုပ်ငန်းများဆိုင်ရာ အထောက်အပံ့များရရှိရေး**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့်လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းများရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းသည်။ကျေးရွာရှိ ရွာသူ/ရွာသားများ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**(င)ပညာရေးအထောက်အပံ့၊ကျန်းမာရေး**

ကျေးရွာတွင် ပညာရေးမြင့်မားလာစေရန် အလားအလာရှိပြီး ကျေးရွာလူထုအနေဖြင့်လည်း ပညာရေးတိုးတက်ရန် အထူးလိုလားကြသည်။ ကျောင်းသုံးပရိဘောဂနှင့် ကျောင်းအိမ်သာများ လုံလောက်မှုမရှိသည်ကို တွေ့ရှိရသည်။

**(စ)ကျန်းမာရေးအထောက်အပံ့**

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပေ။ မိုးရာသီတွင်ရေဆိုး၊ ရေအိုင်များခြင်း၊ စနစ်ကျသော ယင်လုံအိမ်သာမျိုးမဟုတ်ဘဲ ရေလောင်းအိမ်သာ အဆင့်သာရှိခြင်းတို့သည် ကျန်းမာရေးအသိဖွံ့ဖြိုးမှု အားနည်းခြင်းတို့ကြောင့်ဖြစ်သည်။ကျေးရွာလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုကို အနီးကပ်စောင့်ရှောက်နိုင်ရန် ကျေးလက်ဆေးပေးခန်းများ ဖွင့်လှစ်နိုင်လျှင် ကျေးရွာလူထု၏ ကျန်းမာရေးအတွက် ကောင်းမွန်မည်ဖြစ်ပါသည်။

**(ဆ)လူငယ်နှင့်ယဉ်ကျေးမှုအထောက်အပံ့**

ကျေးရွာရှိလူငယ်များသည် အင်တာနက်ကို အထိုက်အလျောက် အသုံးပြုကြသော်လည်း ကျေးရွာစာကြည့်တိုက်မရှိခြင်းသည် လူငယ်ဖွံ့ဖြိုးရေးအတွက် အားနည်းချက်ဖြစ်သည်။

စာကြည့်တိုက်ဆောက်ရန်နှင့် စာအုပ်စာပေစုဆောင်းရန် အတွက်လည်း ရန်ပုံငွေများလိုအပ်မည် ဖြစ်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလအတွက် စီမံချက်များရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလအတွက် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်–
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းပန်းဆက်သွယ်ရေးကဏ္ဍ** | | | | | |
| လမ်းများ ကောင်းမွန်လာစေရန် | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းနှင့်ကုန်ထုတ်လမ်းဖောက် ခြင်း | ၁၀၀ | ၁ | -လမ်းကော်မတီဖွဲ့စည်းခြင်း<br>-ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>-ရန်ပုံငွေများကောက်ခံခြင်း<br>- ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း<br>-လမ်းများရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း<br>-လမ်းပြုပြင်ထိန်းရေးအဖွဲ့ဖွဲ့စည်းခြင်း | ကျေးလက် ဦးစီးဌာန |
| သွားလာရေး အဆင်ပြေစေရန် | မန်းချောင်းလူကူးတံတားတည်ဆောက်ခြင်း | | | - သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက် အကူအညီတောင်းခံခြင်း<br>- ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>- ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း<br>- ပြင်ပအလှူရှင်များနှင့် ချိတ်ဆက် အကူအညီတောင်းခံခြင်း<br>-တံတားရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်း | ကျေးလက် လမ်း |

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **စိုက်ပျိုးရေး** | | | | | |
| စိုက်ပျိုးရေ ရရှိစေရန် | စိုက်ပျိုးရေရရှိရေးအတွက် ကွင်းအမှတ်(၁၂၃၈)တွင် ထရမ်စဖော်မာ(၁)လုံး တပ်ဆင်ခြင်းနှင့် မီးလိုင်း သွယ်တန်းခြင်း | ၉၂ | ၂ | -သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက် အကူအညီ တောင်းခံခြင်း<br>-ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>-ပြင်ပအလှူရှင်များနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>-ရေအလေအလွင့် မရှိစေရေး ကျေးရွာလူထုအား စည်းရုံး ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီးဌာန |
| **သဘာဝဘေးအန္တရာယ်လျော့ချရေးကဏ္ဍ** | | | | | |
| မီးဘေးအန္တရာယ် ကာကွယ်နိုင်စေရန် | အဆင့်မြင့်မီးသတ်စက်နှင့် မီးသတ်ပိုက်တပ်ဆင်ခြင်း | ၇၅ | ၃ | - မီးဘေးလုံခြုံရေး အဖွဲ့ဖွဲ့စည်းခြင်း<br>- ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>- သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>- မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း | မီးသတ် ဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ** | | | | | |
| လူမှုရေးကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရန် | လူမှုကူညီရေးကားဝယ် ယူခြင်း | ၆၃ | ၄ | - လူမှုကူညီရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>- ရန်ပုံငွေများ စုဆောင်းကောက်ခံခြင်း<br>- ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>- ကျေးရွာတွင် ကြက်ခြေနီအသင်းအဖွဲ့များမှ နည်းပြများနှင့် အရေးပေါ်ကယ်ဆယ်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း | သက်ဆိုင်ရာ အဖွဲ့အစည်း |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၂ | | ✓ | | | |
| ၃ | စိုက်ပျိုးရေရရှိရေးအတွက် ကွင်းအမှတ်(၁၂၃၈)တွင် ထရမ်စဖော်မာ (၁)လုံး တပ်ဆင်ခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်း | ၃ | | ✓ | | | |
| ၄ | အဆင့်မြင့်မီးသတ်စက်နှင့် မီးသတ်ပိုက်တပ်ဆင်ခြင်း | ၄ | | | ✓ | | |
| ၅ | လူမှုကူညီရေးကား ဝယ်ယူခြင်း | ၅ | | | | ✓ | |
| ၆ | မန်းချောင်းလူကူးတံတား တည်ဆောက် ခြင်း | ၆ | | | | | ✓ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် (သိန်း) | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ်(သိန်း) | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၁၅၀ သိန်း | ၂ သိန်း | ၁၄၈ သိန်း | - | - |
| ၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၁၅၄၅ သိန်း | ၂၅ သိန်း | ၁၅၂၀ သိန်း | - | - |
| ၃ | စိုက်ပျိုးရေရရှိရေးအတွက် ကွင်းအမှတ်(၁၂၃၈)တွင် ထရမ်စဖော်မာ(၁)လုံးတပ်ဆင်ခြင်းနှင့် မီးလိုင်း သွယ်တန်းခြင်း | ၅၈၅ သိန်း | ၅ သိန်း | ၅၈၀ သိန်း | - | - |
| ၄ | အဆင့်မြင့်မီးသတ်စက်နှင့် မီးသတ် ပိုက်တပ်ဆင်ခြင်း | ၁၀၀ သိန်း | ၁၀ သိန်း | ၉၀ သိန်း | - | - |
| ၅ | လူမှုကူညီရေးကား ဝယ်ယူခြင်း | ၂၅၀ သိန်း | - | ၂၄၀ သိန်း | - | ၁၀ သိန်း |
| ၆ | မန်းချောင်းလူကူးတံတား တည်ဆောက်ခြင်း | ၉၅၀ သိန်း | ၁၀ သိန်း | ၉၄၀ သိန်း | - | - |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင် အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါ သည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ

ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင် ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော

ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေ

အနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့ အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများ ကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ**

**(၁)　　လူမှုစီးပွားရေး အခြေအနေ**

**(၁.၁)　လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ | ၀.၅% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၁၆ | ၂၉ | ၄.၉% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၁၆ | ၂၅ | ၄၁ | ၇.၀% |
| ၉ နှစ်အထက်မှ ၁၅ နှစ်အထိ | အလယ်တန်းကျောင်းသား အရွယ် | ၂၇ | ၂၂ | ၄၉ | ၈.၄% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၂၀၄ | ၂၀၇ | ၄၁၁ | ၇၀.၇% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၂၆ | ၄၈ | ၈.၂% |
| **စုစုပေါင်း လူဦးရေ** | | **၂၈၄** | **၂၉၇** | **၅၈၁** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု** | **၁၄၉** | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄ ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် လူဦးရေ ၅၈၁ ဦးရှိပါသည်။အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်မှာ ၇၀.၇%ရှိပါသည်။ မူလတန်းကျောင်းသား အရွယ်မှာ၇%ရှိပါသည်။သက်ကြီးရွယ်အိုများမှာ ၈.၂% ရှိပြီးအလယ်တန်းကျောင်းသား အရွယ်မှာ ၈.၄% ရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူဦးရေ အများဆုံး ဖြစ်၍ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အများဆုံးလုပ်ကိုင်နိုင်ပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှ ဦးရေမှာ ၄ ဦးခန့် ရှိသည့်အတွက် မြန်မာ နိုင်ငံတွင် တစ်အိမ်ထောင်တွင် ရှိသင့်သည့် လူဦးရေအောက် လျော့နည်းနေပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၃ | ၂၈.၈% | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉၆ | ၆၄.၄ | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင် စု | % | မိသား စုဝင်လု ပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် အိမ်ထောင်စု(၁၄၉) အိမ်ရှိပါသည်။ရွာ၏စုစုပေါင်းအိမ်ထောင်စု အရေအတွက်၏ (၂၈.၈%)မှာ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပြီး အငှား၊ကျပန်း၊အလုပ်သမားများမှာလည်း စိုက်ပျိုးရေးအတွက် အထောက်အကူပြုပါသည်။ အခြားလုပ်ငန်းများအနေဖြင့် ပန်းရံနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ(၂)ဦးရှိသည်။ လက်လီလက်ကားရောင်းဝယ်ရေး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ(၁၂)ဦး၊ ပညာရေးတွင်ကျောင်းဆရာ(၁)ဦး၊ကျန်းမာရေးတွင် (၁)ဦး ဝင်ရောက်လုပ်ကိုင်လျက်ရှိပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၂၅၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၂၀၀ | နေ့ဝက်လုပ်အားခ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | - |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်ကျေးရွာတွင် အမျိုးသား အလုပ်သမားများအတွက် အများဆုံးတစ်နေ့တာလုပ်အားခမှာ (၇၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံး လုပ်အားခမှာ (၂၀၀၀)ကျပ်ဖြစ်ပါသည်။အမျိုးသမီးအလုပ်သမားများအတွက် အများဆုံးတစ်နေ့တာလုပ်အားခမှာ(၅၀၀၀)ကျပ်၊အနည်းဆုံးလုပ်အားခမှာ(၁၂၀၀)ကျပ်ဖြစ်ပါသည်။လုပ်အားခအနည်းငယ် ကွာဟမှုမှာ လုပ်ငန်းအမျိုးအစားနှင့် သက်ဆိုင်သည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၃၃.၇၅ | သင့် | ရ | အိုင်းမဆည် |
| ယာမြေ /တောင်ယာ | ၁၃၀.၅ | သင့် | ရ | – |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၂၆ | သင့် | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၂၉၀.၂၅** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် လယ်မြေစုစုပေါင်း (၁၃၃.၇၅)ကေရှိပါသည်။ယာမြေမှာ(၁၃၀.၅)ကေနှင့် ကိုင်းကျွန်းမြေ(၂၆)ကေ ရှိပါသည်။စုစုပေါင်း အိမ်ထောင်စုမှာ (၁၄၉)အိမ်ရှိပြီး စုစုပေါင်းစိုက်ပျိုးမြေမှာ (၂၉၀.၂၅)ကေ ပိုင်ဆိုင်ပါသည်။ လယ်မြေမှာဆည်ရေသောက်ဖြစ်ပြီး စိုက်ပျိုးရေလုံလောက်စွာ ရရှိပါသည်။ ရာသီဥတု ဖောက်ပြန်သောနှစ်များတွင် နှမ်းခင်း၊စပါးခင်းများ ရေနစ်ပျက်ဆီးပြီးသီးနှံများဆုံးရှုံးကြပါသည်။ သဘာဝကြောင့် ဆုံးရှုံးနစ်နာခဲ့လျှင် အထောက်အပံ့နှင့် အကူအညီများ အလှမ်းဝေးရခြင်းသည်လည်း ဖွံ့ဖြိုးမှုနှေးကွေးရခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်ပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| အခြား ရင်းမြစ်များ | မရှိ | ခက် |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | သင့် | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် သဘာဝအပင်မျိုးစိတ်များ အသင့်အတင့်ရရှိပြီး လက်လှမ်းမှီမှုမှာခက်ပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အသင့်အတင့်ရရှိနိုင်သော်လည်း သစ်တောပြုန်းတီးမှုများကြောင့် ခက်ခဲသည်။ကျေးရွာပိုင်သစ်တောလေး ဖန်တီးနိုင်လျှင် အထိုက်အလျောက်လွယ်ကူနိုင်သည်။နွားစာအနေဖြင့် လယ်ကန်သင်းများမှ လွယ်ကူစွာ ရရှိနိုင်သော်လည်း အဆောက်အဦများ၊လူနေထူထပ်မှုများသောကြောင့်လည်းကောင်း၊အခြားသစ်ပင်များ စိုက်ပျိုးသောကြောင့်လည်းကောင်း ဆေးဖက်ဝင်အပင်များ အသင့်အတင့်ရှိပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန် ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂၅ဧက | ၈၅.၅ဧက | ၅၀ဧက | - |
| အိမ်အခြေအနေ | တိုက်ခံ၊သွပ်မိုး | သွပ်မိုး၊ထရံကာ | သွပ်မိုး၊ထရံကာ | ဝါး၊ထရံကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်ကြီး လက်တွန်း ထွန်စက် ရိတ်သိမ်းခြွေလှေ့ | လက်တွန်း ထွန်စက်-၁ | နွားလှည်း | ပေါက်ပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TV,စလောင်း ဆိုင်ကယ်-၂ | TV, ဆိုင်ကယ်-၁ | ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး ဆန်စက် | စိုက်ပျိုးရေး | လယ်ကူလီ | ကျပန်း |
| အခြားပိုင်ဆိုင်မှု | ကား | နွားလှည်း | နွားလှည်း | - |
| အိမ်ထောင်စု - | ၈(၅.၃%) | ၉(၆.၆%) | ၃၁(၂၀.၈%) | ၁၀၁(၆၇.၇%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ချင်းကုန်း(တောင်)ကျေးရွာတွင် ကျေးရွာ၏ဆင်းရဲချမ်းသာသတ်မှတ်မှုတွင် ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ (၆၇.၇%) ရှိသည်။အဆင်ပြေသောအိမ်ထောင်စု (၅.၃%)နှင့် အလယ်အလတ်အိမ်ထောင်စု(၆.၆%)ရှိရာ ကျေးရွာ၏စီးပွားရေးဖွံ့ဖြိုးမှုမှာ နောက်ကျလျက်ရှိသည်။လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနည်းသော်လည်း ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၆၃ | ၄၂.၂% | ချေးယူ၍စားသုံးနေ |
| ၃ လနှင့် ၆ လအောက် | ၄၂ | ၂၈.၁% | ချေးယူ၍စားသုံးနေ |
| ၆ လ မှ ၁၂ လ အထိ | ၁၂ | ၈% | ချေးယူ၍စားသုံးနေ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ညောင်ကိုင်းကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ (၆၃) စုသည် (၃)လအောက်သာဝမ်းစာဖူလုံ၍ ကျန်(၉)လမှာ ငွေချေးသူများထံမှ ချေးယူစားသုံးနေရပါသည်။အိမ်ထောင်စု(၄၂)စုသည် (၃)လနှင့်(၆)လအောက်သာ ဝမ်းစာဖူလုံ၍ ကျန်(၆)လအားငွေတိုးချေးသူထံမှ ချေးယူစားသုံးနေရပါသည်။အိမ်ထောင်စု(၁၂)စုတွင် (၆)လမှ(၁၂)လအထိ ဝမ်းစာဖူလုံခြင်းမှာ အစိုးရစိုက်ဘဏ်နှင့် ပက်မြန်မာချေးငွေများ ရရှိသောကြောင့်ဖြစ်ပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို(၆၀)နှစ်နှင့်အထက် အဖွား(၁)ဦးနှင့် အဖိုး(၁)ဦးရှိပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | မြေဆီလွှာညံ့၍ |
| ၃ | ရေကြီးခြင်း | လတ် | မိုးရာသီ |
| ၄ | မိုးခေါင်ခြင်း | လတ် | အပူပိုင်းဒေသ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှော် | နိမ့် | |
| ၈ | မီးဘေး | လတ် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျန်းမာရေးဗဟုသုရှိခြင်း |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | လတ် | |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေမှာ

မြေပြိုခြင်းမှာအနည်းငယ်မြင့်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါ အသင့်အတင့်ဖြစ်တတ်ပါသည်။တီရှိစ္စာန်ကူးစက်ရောဂါ ကျရောက်မှု အသင့်အတင့်ရှိပါသည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | အရက်၊လောင်းကစား၊ဖုန်းများ ရှိခြင်းကြောင့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | ဝင်ငွေနည်းပါးခြင်းကြောင့် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | လုပ်အားခနည်းပါး၍ စာသောက်ကုန်စားရိတ်မြင့်မားခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ဝင်ငွေပုံမှန်မရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | နိမ့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | လတ် | စားဝတ်နေရေးပြေလည်စေရန် |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် | လုပ်အားခများစွာရရှိသည့် နယ်စပ်ဒေသ |
| ၂၀ | ကားသမား | လတ် | စီးပွားရေး ဖွံ့ဖြိုးမှုနည်းပါး/မတော်တဆ ယာဉ်အန္တရာယ်ရှိနိုင်။ |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် လက်လုပ်လက်စားများ၊ ကျပန်းအလုပ်သမားများ၊ရွှေ့ပြောင်းအလုပ်သမားများ၊ ကားမောင်းသူများရှိသော်လည်း ထိခိုက်မှုအနေဖြင့်စိုးရိမ်စရာမရှိပေ။လူငယ်များသည် အရက်၊လောင်းကစား၊ဖုန်းများကိုသာ စိတ်ဝင်စားကြ၍ ထိခိုက်ခံရမှုမှာ မြင့်ပါသည်။နယ်စပ်ဒေသတွင် သွားရောက်နေထိုင်သူများနှင့် နေရပ်ပြန်အခြေချသူများသည်လည်း ထိခိုက်လွယ်မှုမြင့်အဆင့်တွင် ရှိသည်။စိုက်ပျိုးမြေများရှိ၍ မြွေအန္တရာယ် အထိုက်အလျောက်ရှိသည်။ရွှေ့ပြောင်းလုပ်သားများနှင့် ကားသမားများသည်လည်း ခရီးသွားလာရာတွင် ယာဉ်မတော်တဆဖြစ်ပွားတတ်သောကြောင့် ထိခိုက်မှု ရှိနိုင်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | ကျား | မ | ပေါင်း | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | ဝတ်အဖွဲ့ | ၁ | ၁၅ | ၁၅ | ၃၀ | သာရေး၊နာရေး | ၄ | ၆ |
| ၂ | ပရဟိတ | ၂ | ၁၅ | ၁၀ | ၂၅ | သာရေး၊နာရေး | ၄ | ၆ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ဝတ်အဖွဲ့နှင့် ပရဟိတအဖွဲ့တို့ရှိကြပါသည်။ထိုအဖွဲ့(၂)ဖွဲ့လုံး၏ လုပ်ငန်းတာဝန်များမှာ သာရေးနာရေးသာဖြစ်ကြပါသည်။စွမ်းဆောင်နိုင်မှုမှာ ကောင်းမွန်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact–Myanmar | (၂) | ငွေစုငွေချေးပေးခြင်း |
| ၂ | Save the Children | (၂) | ငွေစုငွေချေးပေးခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ချင်းကုန်း(တောင်)ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမှာ သမဝါယမအဖွဲ့ဖြစ်ပြီး အစိုးရမှ ဖွဲ့စည်းထားပါသည်။အစိုးရမဟုတ်သောအဖွဲ့အနေဖြင့် ပက်မြန်မာမှဝင်ရောက် ဆောင်ရွက်လျက်ရှိပါသည်။စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့အတွက် ငွေစုငွေချေးလုပ်ငန်းများကို အဖွဲ့အစည်း(၂)ခုစလုံးမှ ဆောင်ရွက်ပေးကြပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၁ | ၆၈.၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၆ | ၁၀.၇ | ဆင်းရဲသားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၅ | ၁၀.၀ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၁ | ၇.၃ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၆ | ၄.၀ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၄၉** | **၁၀၀%** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် အိမ်ထောင်စု (၁၄၉)စုရှိပါသည်။မြေယာမဲ့လူတန်းစားမှာ(၁၀၁)စုရှိပါသည်။ကျန်မိသားစုမှာ မြေယာပိုင်ရှင်များ ဖြစ်ကြပါသည်။မြေယာမဲ့လူတန်းစားများကိုလည်း စားဝတ်နေရေး ပြေလည်စေရန် များစွာလိုအပ် နေပါသည်။ မြေယာမဲ့ပေါ်များသော်လည်း ရွှေ့ပြောင်းသွားလာလုပ်ကိုင် ကြသောကြောင့် ရာသီချိန် တွင် အလုပ်သမားရှားပါးမှု ပြဿနာနှင့် ကြုံတွေ့နေရခြင်း ဖြစ်ပါသည်။တောင်သူများသီးနှံအထွက် တိုးစေရန် အလုပ်သမားနှင့်တောင်သူညှိနှိုင်း ဆောင်ရွက်လျှင်အဆင်ပြေနိုင်ပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | အစိုးရ | ၁၃၃.၇၅ | ရာသီအလိုက် | ရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ချင်းကုန်း(တောင်)ကျေးရွာတွင် ရေသောက်ဧက(၁၃၃.၇၅) ဧကရှိပြီး အိုင်းမရေလှဲဆည်မှ ရေရရှိကာ စိုက်ပျိုးရေးအတွက် ရာသီအလိုက်လုံလောက်မှုရှိပါသည်။ မြေအောက်ရေကို ဒီဇယ်အင်ဂျင်ဖြင့် လယ်ဧက(၁၃၀.၅)အား ရာသီအလိုက် ရေပေးဝေလျက်ရှိရာ လုံလောက်မှုရှိပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၃၃.၇၅ | တင်း | ၆၀ | ၉၀ | ၇၀ | ဇူလိုင် | ဒီဇင်ဘာ | မြင့် | နိမ့် | မိုးစပါး မူတည် |
| ပဲ | ၄၃ | တင်း | ၁၀ | ၂၀ | ၁၄ | ဒီဇင်ဘာ | မတ် | လတ် | လတ် | ဆောင်းပဲ |
| နှမ်း | ၄၄ | တင်း | ၄ | ၈ | ၆ | ဧပြီ | ဇွန် | မြင့် | လတ် | |
| ကြက်သွန် | ၆၉.၅ | တင်း | ၂၀၀၀ | ၆၀၀၀ | ၄၀၀၀ | နိုဝင်ဘာ | မတ် | မြင့် | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ချင်းကုန်း(တောင်)ကျေးရွာတွင် စုစုပေါင်းစိုက်ဧက(၂၉၀.၂၅)ဧက ရှိပါသည်။မိုးစပါးစိုက်ဧက(၁၃၃.၇၅)ဧကရှိပြီး သီးထပ်အဖြစ်ကုလားပဲ စိုက်ကြပြီး နှမ်းကိုမိုးကြို အဖြစ် စိုက်ပျိုးကြသည်။ဓါတ်မြေသြဇာသုံးစွဲမှုမှာလည်း စနစ်ကျမှုမရှိသေးပေ။ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ပေါင်းသတ်ဆေးများကို ဈေးကြီးစွာပေးဝယ်၍ သုံးစွဲရပါသည်။အမြတ်ရရှိမှုသည် လည်းဈေးကွက်ပေါ်တွင် မူတည်နေပါသည်။နှမ်းပေါ်ချိန်သည် မိုးတွင်းကာလဖြစ်၍ နှမ်းရရှိမှုမှာ လည်း ရာသီဥတုပေါ်တွင်မူတည်နေပါသည်။နှမ်းကိုရေတင်၍စိုက်ပျိုးရခြင်း၊ဆေးအမျိုးမျိုး သုံးစွဲ ရခြင်းတို့ကြောင့် ကုန်ကျစရိတ်များပါသည်။နှမ်းစိုက်လျှင်အရှုံးအမြတ် ကြီးပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်း လုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦး ချင်း ပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | ၁၈ | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၁ | | | | | | |
| ရေစုပ်စက် | ၄၀ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၄ | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် အိမ်ထောင်စု (၁၄၉)စုရှိပါသည်။ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာ ပိုင်ဆိုင်မှုမှာ လက်တွန်း ထွန်စက်(၁၈)ခု၊ ခြွေလှေ့စက်(၁)ခု၊ရေစုပ်စက်(၄၀)ခု၊ မြက်ရိတ်စက် (၄) လုံးရှိပါသည်။ထို့ကြောင့် စက်မှုနည်းပညာများဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ဆင်းရဲသောတောင်သူများအနေဖြင့် ရာသီချိန်၌ လယ်ယာသုံးပစ္စည်းနှင့် အလုပ်သမားရှားပါးမှု ပြဿနာနှင့်ကြုံတွေ့လျက်ရှိပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | ကောင်းမွန် |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ရေရင်းမြစ် | တွင်းရေ၊ချောင်းရေများနှင့် ဆည်ရေ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | လွယ်ကူစွာရရှိနိုင် |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | စိုက်ပျိုးရေးဆေးဆိုင်မှ ဝယ်ယူရရှိနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ပျိုးရေးဘဏ်နှင့် ပက်မြန်မာ၊ သမဦးစီးဌာနတို့မှ ရရှိပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ရှိပါသည်။ |
| သွင်းအားစုဈေးကွက် | နီးစပ်ရာမြို့များတွင် ရရှိနိုင်ပါသည်။ |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | နီးစပ်ရာမြို့များတွင် ပြုလုပ်နိုင်ပါသည်။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ညောင်ကိုင်းကျေးရွာတွင် တောင်သူများ လုပ်ကိုင်စားသောက်သောမြေများမှာ ကောင်းမွန်ပါသည်။စပါး၊ပဲ၊နှမ်းနှင့် ဟင်းသီးဟင်းရွက်များလည်း စိုက်ပျိုးနိုင်ပါသည်။စိုက်ပျိုးရေးအတွက် ငွေကြေးဝန်ဆောင်မှုများအနေဖြင့် အစိုးရဘဏ်၊သမဝါယမ အသင်းအဖွဲ့များမှ ချေးယူရရှိနိုင်ပါသည်။စိုက်ပျိုးရေးသွင်းအားစုများကိုလည်း အလွယ်တကူ ဝယ်ယူနိုင်ပါသည်။သီးနှံများကိုလည်း ပေါက်ဈေးဖြင့်လွယ်ကူစွာ ရောင်းချနိုင်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | |
| မြေဆီသြဇာ အခြေအနေ | ဓာတ်မြေသြဇာများ စနစ်တကျမသုံးစွဲခြင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | လုံလောက်စွာမရရှိခြင်း၊နှစ်ရှည်မရရှိခြင်း |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | အမှန်တကယ်လိုအပ်သည့် အချိန်တွင် အချိန်မီပေးသွင်းနိုင်ခြင်းမရှိခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | တောင်သူနှင့် အလုပ်သမားခေါင်း များကြား ညှိနိုင်း ဆောင်ရွက်နိုင်မှုမရှိ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | အသင့်အတင့် |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးရေ မလုံလောက်မှု | မြောင်းများကောနေခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | ဆေးများဈေးကြီးခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | ကုန်သည်ပွဲစားများမှတစ်ဆင့်ခံ၍ ရောင်းချရခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | အားနည်း |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိတောင်သူများသည် ဈေးကြီးသောကွန်ပေါင်းမြေဩဇာကို မသုံးစွဲနိုင်၍ ယူရီးရားမြေဩဇာ တစ်မျိုးတည်းကိုသာသုံးစွဲကြပါသည်။စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီအသုံးချနိုင်ရန် ရရာနေရာမှ အတိုးဖြင့်ငွေချေးသုံးစွဲရပါသည်။စိုက်ပျိုးရေး အရင်းအနှီး များကိုစိုက်ဘဏ်၊သမဝါယမဦးစီးဌာနများမှ ရရှိသော်လည်း မလုံလောက်ခြင်း၊ အချိန်ကာလ တိုတောင်းခြင်းတို့ကြောင့် စိုက်ပျိုးရေးတွင်အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ရေအရင်းအမြစ် များပေါများသော်လည်း အချိန်ကုန်၊ငွေကုန်သော ရေတင်စနစ်ဖြင့်သာ ဆောင်ရွက်နေကြရပါသည်။

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၅၀ | ၁၃၂ | |
| နို့စားနွား | – | – | |
| မြင်း | – | – | |
| ကျွဲ | – | – | |
| မြည်း | – | – | |
| လား | – | – | |
| ဆိတ် | – | – | |
| သိုး | – | – | |
| ဝက် | ၁၁ | ၁၇ | |
| ကြက် | ၂၆ | ၁၈၁ | |
| ဘဲ | – | – | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| နွားနောက် | – | – | |
| အခြား | – | – | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | – | – | |
| ပုဇွန်ကန် | – | – | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | – | – | |
| ရေချို ငါးဖမ်းလုပ်ငန်း | – | – | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | – | – | |
| အခြား | – | – | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ခိုင်းနွားရှိသောအိမ်ထောင်စု(၅၀)အိမ် ဖြစ်ပြီး စုစုပေါင်းအကောင်ရေမှာ (၁၃၂)ကောင် ရှိပါသည်။အိမ်ထောင်စု(၂၆)အိမ်မှာလည်း ကြက်အကောင်ရေ(၁၈၁)ကောင်ရှိပါသည်။ဝက်မွေးသောအိမ်ထောင်စု(၁၁)အိမ်ရှိပြီး အကောင်ရေမှာ (၁၇)ကောင် ရှိပါသည်။ ကျွန်တော်တို့ရွာသည် မွေးမြူရေးကို တစ်နိုင်တစ်ပိုင်သာမွေးမြူကြခြင်း ဖြစ်ပါသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | လယ်ကွင်း၊ယာကွင်းများ ဝန်းကျင်မြောင်းဘောင် |
| ရေရရှိမှု | အဝီစိတွင်းရေ၊ချောင်းရေ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | လက်လှမ်းမမီ |
| ချေးငွေ | အသင့်အတင့်သာရရှိ |
| သွင်းအားစု ဈေးကွက် | အသင့်အတင့်သာရရှိ |
| ဝန်ဆောင်မှု ဈေးကွက် | မရှိပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | ရွာအတွင်းသို့လာရောက်ဝယ်ယူ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အနည်းငယ်ရှိ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် | – |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လက်လှမ်းမီမှု | |
| ချေးငွေ | – |
| သွင်းအားစု လက်လှမ်းမီမှု | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးကိုတစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်ကြသည်။စိုက်ပျိုးရေးတွင် အသုံးဝင်သောနွားကိုလည်း တစ်နိုင်တစ်ပိုင်သာ မွေးမြူ ကြသည်။ စားကျက်မြေအဖြစ် သီးသန့်မရှိသော်လည်း လယ်ကွင်း၊ယာကွင်းများဝန်းကျင်၊ မြောင်းဘောင် စသည်တို့သည် ခိုင်းနွားတို့အတွက် စားကျက်မြေသာ ဖြစ်တော့သည်။မွေးမြူရေး အတွက်ရေရရှိမှုမှာ အဝီစိတွင်းရေ၊ချောင်းရေများမှ ရရှိပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | မရရှိပါ |
| ကူးစက်ရောဂါဖြစ်ပွားမှု | နွားများတွင် ထောင့်တန်းခွာနာလျှာနာ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | အားနည်းခြင်း |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | စျေးနှုန်းမြင့်မား၍ လိုင်စင်မရှိဘဲ၊ နားလည်မှုဖြင့်လုပ်ကိုင် |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ချေးငွေ ရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ညောင်ကိုင်းကျေးရွာတွင် အိမ်ထောင်စု (၁၄၉)စုရှိပါသည်။ မွေးမြူရေး ပြဿနာနှင့် စိန်ခေါ်မှုများမှာ မွေးမြူရန်အတွက် ချေးငွေကို ထုတ်ချေးပေးခြင်း မရှိပါ။ကူးစက်ရောဂါများအနေဖြင့် နွားများတွင် ထောင့်တန်းရောဂါ၊ ခွာနာလျှာနာ၊ ကြက်များတွင် ကြက်တုတ်ကွေးရောဂါ နှင့် ဝက်များတွင် ဝက်နားရွက်ပြာရောဂါတို့ ဖြစ်ပွားပါသည်။ ထိုရောဂါများ မဖြစ်ပွားမီ ကာကွယ်ဆေးကို အချိန်မီမထိုးပေးနိုင်ခြင်း၊မွေး/ကုဦးစီးဌာနမှ ကာကွယ်ဆေးထိုး ပေးခြင်း အစီစဉ်ရှိသော်လည်း ကာကွယ်ဆေး ထိုးရန်အတွက် ကုန်ကျစရိတ်များခြင်း၊ မွေးမြူသူတို့ အသိပညာအားနည်းခြင်းတို့ဖြစ်သည်။ထို့ကြောင့် မွေးမြူရေး ပြဿနာနှင့် စိန်ခေါ်မှုများ ပြေလည် စေရန်လိုအပ်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၃ | ၆ | ၉ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
